MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED

MYEIK FUTURE DEVELOPMENT

Sein Pan War Street, Myeik Economic Zone, Kantharyar Quarter, Myeik, Tanintharyi Region, Myanmar.
Tel: 09-793507444, Tel:&Fax: 059 42856, E-mail: mfdmyeik@gmail.com

## ဒသမအကြိမ် (၁၀ ကြိမ်မြောက်) အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအကြောင်းကြားစာ

စာအမှတ် ၊ ဖွံ့ဖြိုးရေး(မြိတ်) / စီမံ - ၀၀၁ / ၀၆၆
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်

၁။ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Myeik Future Development Public Company Limited) ၏ ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဆိုရှယ်အက်ပလီကေးရှင်း(Social Apps) ဖြင့် Online အသုံးပြု၍ (၂၁-၁၂-၂၀၂၅)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် MFD Public Co., Ltd. ကုမ္ပဏီရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်-

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ရက် | - | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်၊ တနင်္ဂနွေနေ့ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀:၀၀) နာရီ |
| ကျင်းပမည့်ပုံစံ | - | Virtual Meeting (Online စနစ်) |

၂။ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ နဝမအကြိမ် အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် တင်သွင်းမည့်၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများအား ဤအစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပူးတွဲပေးပို့ပါသည်။ www.mfd.com.mm တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းအပေါ် အကြံပြုတင်ပြချက်များ၊ မေးမြန်းလိုသောအချက်များရှိပါက (၁၅-၁၂-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း စာဖြင့်လည်းကောင်း၊ ကုမ္ပဏီ E-mail လိပ်စာ (mfdmyeik@gmail.com, admin@mfd.com.mm) သို့လည်းကောင်း ရေးသားပေးပို့ မေးမြန်းနိုင်ပါသည်။ အထက်ပါသတ်မှတ်ရက်ထက်ကျော်လွန်မှ လက်ခံရရှိသော မေးခွန်းများနှင့် အကြံပေးချက်များကို နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဖြေကြားနိုင်မည်မဟုတ်ဘဲ နောက်ပိုင်းတွင် သီးခြားဖြေကြားပေးမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ ယခုကျင်းပမည့် Social Apps ကိုအသုံးပြုပြီးဆောင်ရွက်မည့် Online အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဝင်များအား ရွေးချယ်ခြင်း၊ အမြတ်ဝေစုအကြောင်းရှင်းလင်းတင်ပြခြင်း၊ သီးခြားလွတ်လပ်သောဒါရိုက်တာများခန့်အပ်ခြင်း၊ စာရင်းစစ်အဖွဲ့ခန့်အပ်ခြင်းတို့အား ပြုလုပ်သွားမည်ဖြစ်ရာ အစုရှယ်ယာရှင်များမှ မိမိတို့ကိုယ်တိုင်ဆန္ဒပြုခြင်း၊ မဲပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့
မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED
Sein Pan War Street, Myeik Economic Zone, Kantharyar Quarter, Myeik, Tanintharyi Region, Myanmar.
Tel: 09-793507444, Tel:&Fax: 059 42856, E-mail: mfdmyeik@gmail.com

ပူးတွဲပေးပို့သည့်စာရွက်စာတမ်းများ -

- အစည်းအဝေးအစီစဉ်များ (Agenda)

မှတ်ချက် - ဒါရိုက်တာအဖြစ်အဆိုပြုလွှာပေးပို့သူသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့ တွင် ဒါရိုက်တာအရည်အချင်း ပြည့်မီရန်အတွက် သတ်မှတ်ထားသော အစုရှယ်ယာ အနည်းဆုံး (၅,၀၀၀)စုကို ပိုင်ဆိုင်သူဖြစ်ရမည်။ အဆိုပြုလွှာ ပုံစံ(Form)အား လွယ်လင့်တကူ Download ရယူနိုင်ရန်အတွက် ကုမ္ပဏီ ၏ Website ဖြစ်သော https://www.mfd.com.mm တွင် တင်ပြထားမည်ဖြစ်ပြီး၊ ဒါရိုက်တာအဆိုပြုလွှာ အား ကုမ္ပဏီရုံးသို့ (၁၂-၁၂-၂၀၂၅)၊ သောကြာနေ့၊ ညနေ(၄း၀၀)နာရီအချိန် နောက်ဆုံးထား၍ ရုံးချိန်အတွင်း စာဖြင့်လည်းကောင်း၊ ကုမ္ပဏီE-mailလိပ်စာ (mfdmyeik@gmail.com, admin@mfd.com.mm) သို့ လည်းကောင်း ပေးပို့ရန် အကြောင်းကြားအပ်ပါသည်။

<u>အသိပေးလွှာ</u>

- (၂၂-၁၁-၂၀၂၅) ရက်နေ့တွင် ကုမ္ပဏီ၏ website ဖြစ်သော https://www.mfd.com.mm ၌ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာတို့ ပါဝင်သော ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာအား လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် အရွေးချယ်ခံမည့် ဒါရိုက်တာအဖွဲ့ကို အစုရှယ်ယာရှင်များက ဆန္ဒမဲပေးသည့် ကိစ္စနှင့်ပတ်သက်သည့် အချက်အလက် အပြည့်အစုံအားလည်းကောင်း တင်ပြထားမည်ဖြစ်ပြီး လွယ်လင့်တကူကြည့်ရှုခြင်း၊ Download ရယူခြင်းများ ပြုလုပ်နိုင်ပြီဖြစ်ကြောင်းလည်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ MFD Public Viber Community သို့ အစုရှယ်ယာရှင်များအားလုံး အလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်ရန်အတွက် မိမိတို့၏ Viber အသုံးပြုသည့်ဖုန်းနံပါတ်များအား ကုမ္ပဏီရုံးဖုန်း 09 25674 3355, 09 79350 7444 သို့ စာတိုမက်ဆေ့ ပေးပို့ခြင်း ဖြင့် Register ပြုလုပ်ပေးကြပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

<u>ဆက်သွယ်ရန်လိပ်စာ</u>

- မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
စိန်ပန်းဝါလမ်း၊ မြိတ်စီးပွားရေးဇုန်စီမံကိန်းဝင်း၊ ကမ်းသာယာရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
Ph: 09 79350 7444, 09 25674 3355

MYEIK FUTURE DEVELOPMENT

MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED

Sein Pan War Street, Myeik Economic Zone, Kantharyar Quarter, Myeik, Tanintharyi Region, Myanmar.
Tel: 09-793507444, Tel:&Fax: 059 42856, E-mail: mfdmyeik@gmail.com

# ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## အစည်းအဝေးအစီအစဉ် (Agenda)

၂၁-၁၂-၂၀၂၅၊ တနင်္ဂနွေနေ့

| | | |
|---|---|---|
| အစီအစဉ် (၁) | ။ | ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲ အထမြောက်ကြောင်း ကြေငြာခြင်း။ |
| အစီအစဉ် (၂) | ။ | အစည်းအဝေးသဘာပတိ၊ ကုမ္ပဏီ၏ ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း။ |
| အစီအစဉ် (၃) | ။ | ကုမ္ပဏီဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ စာရင်းစစ်ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာတို့အားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ |
| အစီအစဉ် (၄) | ။ | ကုမ္ပဏီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကာလအတွက် လုပ်ငန်းအမြတ်ဝေစုအကြောင်း ရှင်းလင်းတင်ပြခြင်း။ |
| အစီအစဉ် (၅) | ။ | ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျနုတ်ထွက်ခြင်း၊ ခန့်အပ်ခြင်း နှင့် ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအား ကြေညာခြင်း။ |
| အစီအစဉ် (၆) | ။ | ကုမ္ပဏီ၏ လာမည့် သက်တမ်းကာလအတွက် သီးခြားလွတ်လပ်သောဒါရိုက်တာများ ခန့်အပ်ခြင်းအား အတည်ပြုခြင်း။ |
| အစီအစဉ် (၇) | ။ | ကုမ္ပဏီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် ပြင်ပစာရင်းစစ်အဖွဲ့ခန့်အပ်ခြင်း။ |
| အစီအစဉ် (၈) | ။ | အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့မေးမြန်းသည့် မေးခွန်းများကို ရှင်းလင်းဖြေကြားခြင်း။ |
| အစီအစဉ် (၉) | ။ | အစည်းအဝေးပြီးမြောက်ကြောင်း ကြေငြာခြင်း။ |